# ပြရောဖက်ပြုခြင်း PROPHECY

ဓမ္မသစ်ကျမ်းရှိ "ပရောဖက်ပြုခြင်း" ဟူသောစကားလုံး၌ အဓိပ္ပာယ်(၂)မျိုးရှိသည်။

(၁) အနာဂါတ်အတွက် ကြိုတင်ဟောခြင်း၊ သာမာန်ထက်ပိုလွန်သော ဘုရားသခင်၏ ဗျာဒိတ်တော်အားဖြင့် ပြောဆိုခြင်း (၁ ကော 14:29-30)

(၂) သမ္မာကျမ်းစာကို အနက်အဓိပ္ပာယ်ရှင်းလင်းခြင်းနှင့် လက်တွေ့အသုံးချခြင်း ဆိုလိုသည်မှာ ယနေ့ကျွန်ုပ်တို့ တရားဟောခြင်းဟုခေါ်ဆိုသော အရာကိုဆိုလိုသည်။ (၁ ကော 14:3 ) "ပရောဖက်ပြုသောသူမူကား၊ တည်ဆောက်ခြင်း၊ တိုက်တွန်းသွေးဆောင်ခြင်း၊ သက်သာခြင်းအလို့ငှါ လူတို့အား ဟောပြော၏"

အနာဂါတ်အတွက်ကြိုတင်ဟောခြင်းနှင့်ပတ်သက်၍ စဉ်းစားဆင်ခြင်ကြစို့။ (၁ ကော 13:8-11)

(8) မေတ္တာသည် ဖေါက်ပြန်ခြင်းသဘောနှင့် အစဉ်ကင်းလွတ်၏ ပရောဖက်ဉာဏ်သော်၎င်း၊ အမျိုးမျိုးသော ဘာသာစကားကို ပြောနိုင်သော အခွင့်သော်၎င်း၊ သိပ္ပံအတတ်သော်၎င်း၊ ကွယ်ပျောက်လိမ့်မည်။

(9) ယခုမူကား၊ ငါတို့သည် မစုံမလင် သိတတ်ကြ၏ ပရောဖက်ဉာဏ်နှင့် မစုံမလင်ဟောတတ်ကြ၏။

(10)စုံလင်ခြင်းသို့ ရောက်သောအခါမူကား၊ မစုံလင်သမျှတို့သည် ကွယ်ပျောက်ကြလိမ့်မည်။

(11)ငါသည်သူငယ်ဖြစ်စဉ်အခါ သူငယ်လိုစကားပြော၏ သူငယ်လိုစိတ်ထင်၏ သူငယ်လိုကြံစည်၏ အသက်ကြီးသောအခါမူကား၊ သူငယ်၏အရာများကို ငါပယ်ရှား၏။

ကနဦးအသင်းတော်ကို သူငယ်တဦး၏အဖြစ်ကဲ့သို့ နှိုင်းယှဉ်ခဲ့သည်။ ဓမ္မဟောင်းကျမ်းကို အသုံးပြုဆဲ၊ ဓမ္မသစ်ကျမ်းကို ရေးနေသောအချိန်၊ အေဒီ ၉၀-၉၅ တိုင်အောင် ဗျာဒိတ် ကျမ်းမပြီးစီးခဲ့သေး။ ထို့ကြောင့် ထိုအချိန်အတောအတွင်းသည် ကလေးသူငယ်ကဲ့သို့သော အဆင့်အတန်း သာရှိခြင်း၊ သူတို့၌ ပြည့်စုံသည့် သိနားလည်ခြင်း မရှိခဲ့ခြင်းတို့ကြောင့် အမျိုးမျိုးသော ဘာသာစကားဆုကျေးဇူး၊ ထိုးတွင်းခြင်းတရားဆုကျေးဇူးနှင့် ပရောဖက်ပြုခြင်း(ကြိုတင်ဟောခြင်း)များရှိနေခဲ့သည်။ ( ၁ ကော 13:8 )

"မေတ္တာသည် ဖောက်ပြန်ခြင်းသဘောနှင့်အစဉ်ကင်းလွတ်၏ပရောဖက်ဉာဏ်သော်၎င်း၊ အမျိုးမျိုးသော ဘာသာစကားကိုပြောနိုင်သော အခွင့်သော်၎င်း၊ သိပ္ပံအတတ်သော်၎င်း ကွယ်ပျောက်လိမ့်မည်။"

မည်သို့ပင်ဖြစ်စေ ဓမ္မသစ်ကျမ်းပြီးမြောက်ခဲ့သည့်အချိန်မှ တည်မြဲသောအရာ မဟုတ်သောဆုကျေးဇူးများ ပြီးဆုံးစေခဲ့သည်။ ၁ ကော ၁၃ း ၁၀ "စုံလင်ခြင်းသို့ရောက်သောအခါမူကား၊ မစုံလင်သမျှတို့သည်ကွယ်ပျောက်ကြလိမ့်မည်။"

"စုံလင်ခြင်း" နှင့် "မစုံလင်ခြင်း" ဆိုတာဘာလဲ ?

မစုံလင်ခြင်းဆိုသည့်အရာများသည် ဘုရားသခင်၏ ဗျာဒိတ်တော်ဆုကျေးဇူးများ ဖြစ်ကြသည့် (၁)ပရောဖက်ပြုခြင်း(အသစ်ဖြစ်သော သိနားလည်ခြင်း) (၂)ထိုးတွင်းခြင်းတရား နှင့် (၃) အမျိုးမျိုးသောဘာသာစကားများ

ဖြစ်ကြသည်။ ဘုရားသခင်၏ ဗျာဒိတ်တော်ကို ရှင်ပေါလုအား မစုံမလင်ပေးခဲ့ပြီး၊ ရှင်ပေတရုကို အချို့အဝက်ဖြစ်သော တခြားဗျာဒိတ်တော်ကိုပေးခဲ့သည်။ ထို့နည်းတူရှင်မသဲ၊ ရှင်မာကု၊ ရှင်လုကာ၊ ရှင်ယာကုပ်နှင့် ရှင်ယုဒတို့ကို အချို့အဝက်များပေးခဲ့ပြီး ဓမ္မသစ်ကျမ်းဘုရားသခင်၏ ဗျာဒိတ်တော်ကို ရှင်ယောဟန်က သူ၏ အချို့အဝက်ဘုရားသခင်၏ဗျာဒိတ်တော်ဖြင့် ပြည့်စုံစေခဲ့သည်။ ဤပုဂ္ဂိုလ်များသည် ပရောဖက်ပြုခြင်း ဆုကျေးဇူးသို့မဟုတ်ထိုးတွင်းခြင်းတရားဆုကျေးဇူးကို တမျိုးမဟုတ်တမျိုးသို့မဟုတ်နှစ်မျိုးစလုံး ရရှိခဲ့ကြသည်ဖြစ်၍ သူတို့ရရှိခဲ့ကြသောအစိတ်အပိုင်းများအားဖြင့် ဓမ္မသစ်ကျမ်းဘုရားသခင်၏ဗျာဒိတ်တော်ကို ရေးနိုင်ခဲ့ကြခြင်းဖြစ်သည်။

"စုံလင်ခြင်းသို့ရောက်သောအခါမူကား၊ မစုံလင်သမျှတို့သည် ကွယ်ပျောက်ကြလိမ့်မည်။ (၁ ကော 13:10) "စုံလင်ခြင်း" စကားစုကို ဂရိစကားလုံးတလုံးမှ ဘာသာပြန်ထားခဲ့သည့် ၎င်း၏ဆိုလိုရင်းမှာအရွယ်ရောက်ပြီး ရင့်ကျက်ပြီး၊ ပြီးပြည့်စုံပြီး၊ ပြီးမြောက်ပြီး ၊ လိုလေသေးမရှိပြီး၊ ၎င်းသည်အဆုံးတိုင် ပြီးစီးရောက်ရှိပြီဟု အဓိပ္ပာယ်သက်ရောက်သည်။ (Vine's and Zodhiates dictionary ) ။ အရာအားလုံး၏ ပြည့်စုံခြင်းအနေအထားသည် ကောင်းကင်မှ ခရစ်တော်တဖန်ကြွလာခြင်းဖြင့် လမ်းညွှန်ပြသမည်ဟုမှားယွင်းသော သွန်သင်ချက်ရှိသည်။ (Thayer's dictionary )

သို့သော်ကိုးကားရာဝါကျနောက်ဆက်တွဲစကားအသွားအလာ၌ ဤအကြောင်း အရာဖော်ပြခြင်း လုံးဝမရှိပေ။ ကောရိန္သုဩဝါဒ ပထမစာစောင် 12 မှ 14 ၏ စကားအစီအစဉ်သည် ဝိညာဉ်ဆုကျေးဇူးများကို ရှင်းလင်းစွာပြောဆို နေခြင်းဖြစ်ပြီး ကောက်နုတ်ချက် ကျမ်းပိုဒ်၌ ရှင်ပေါလုသည် တည်မြဲနေမည့် ချစ်ခြင်း (သို့မဟုတ်) မေတ္တာတရား( ၁ ကော 13:8-13)နှင့် တည်မြဲခြင်းမရှိသည့် အခြေအနေဖြစ်သော အမျိုးမျိုးသော ဘာသာစကားဆုကျေးဇူး၊ ထိုးထွင်းခြင်းတရားဆုကျေးဇူး၊ ပရောဖက်ပြုခြင်းဆုကျေးဇူးများဖြင့် ကွဲပြားခြင်းကို နှိုင်းယှဉ်နေခြင်းဖြစ်သည်။ (၁ ကော 13:8-10) ကောက်နုတ်ချက်ကျမ်းပိုဒ်ရှိစကားစု " စုံလင်ခြင်း" သည် နှုတ်ကပါတ်တော်သမ္မာကျမ်းစာ ပြီးပြည့်စုံသည့်အခါ (၁ ရာစု ကုန်ခါနီးလောက်) အနာဂါတ် အတွက်ကြိုတင်ဟောကြားခြင်း ဗျာဒိတ်ဆုကျေးဇူး၊ ထိုးထွင်းခြင်းတရား၊ အမျိုးမျိုးသော ဘာသာစကားများ ရပ်စဲခဲ့ပြီဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။ အဘယ်ကြောင့်ဆိုသော် အသင်းတော်၌ ထိုအရာများမလိုတော်ပေ။ အသင်းတော်သည် ကလေးသူငယ်ဘဝမှ ရင့်ကျက်လာခဲ့ပြီး ယခုတွင် ပြီးပြည့်စုံသော နှုတ်ကပါတ်တော် သမ္မာကျမ်းစာရှိနေပြီဖြစ်ပြီး " သာ၍မြဲမြံသောအနာဂတ္တိစကားတော်" ဖြစ်သည်။ (ရှင်ပေတရုဩဝါဒဒုတိယစာစောင် 1:19)